# ကမကထပြုခံရသော အလုပ်သမားများအတွက် အလုပ် သို့မဟုတ် အလုပ်ရှင် ပြောင်းလဲနိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

**မြန်မာဘာသာစကား**

ယခုအခါတွင် သင်သည် သင်၏ ဗီဇာစည်းကမ်းချက်များကို မချိုးဖောက်ဘဲ ကမကထပြုသူ အသစ်အားရှာရန် အချိန်ပို ရနိုင်မည်။ သင်၏ ဗီဇာစည်းကမ်းချက်များကို စစ်ဆေး၍ ဤအပြောင်းအလဲများက သင်နှင့် သက်ဆိုင်မှု ရှိ၊မရှိကို စစ်ကြည့်ပါ။

## စည်းကမ်းသတ်မှတ်ချက် 8107 ဆိုင်ရာ ပြောင်းလဲမှုများ (အမျိုးအစားခွဲ 482 ဗီဇာ)

**2024** ခုနှစ် ဇူလိုင်လမှစပြီး ဗီဇာ ကိုင်ဆောင်ထားကြသူများသည် မိမိတို့၏ ဗီဇာစည်းကမ်းချက်များကို မချိုးဖောက်ဘဲ အောက်ပါတို့အရ အလုပ်ရှင်အသစ်အား ရှာဖွေရန် အချိန်တိုးရမည်ဖြစ်သည်။

- ရက်ပေါင်း **180** ဆက်တိုက် အထိ နှင့်
- အမျိုးအစားခွဲ **482 (SID)** ဗီဇာကို ကိုင်ဆောင်ထားခိုက် အလုပ်မလုပ်နေဘဲ စုစုပေါင်း **365** ရက်အထိဖြစ်သည်။

### အကူးအပြောင်းကာလတွင် သင် ဘာလုပ်နိုင်သနည်း။

အမျိုးအစားခွဲ 482 ဗီဇာကိုင်ဆောင်ထားသူသည် (ရက်ပေါင်း 180 ဆက်တိုက်အထိ သို့မဟုတ် စုစုပေါင်း 365 ရက်အတွက်) ကမကထပြုကြသူများအကြား ကူးပြောင်းနေစဉ် အောက်ပါအခြေအနေတွင် မိမိတို့၏ ဗီဇာကို ချိုးဖောက်ရာကျမည် မဟုတ်ပေ။

- အလုပ် လုံးဝရပ်လိုက်လျှင်၊
- ကိုယ်ပိုင် အလုပ်လုပ်လျှင်၊
- ကမကထ မပြုပေးသော အလုပ်ရှင်ထံ အလုပ်လုပ်လျှင်၊

### ဤအချိန်အတောအတွင်း သင် ဘာလုပ်နိုင်သနည်း

ကမကထပြုကြသူများအကြား ကူးပြောင်းနေစဉ် **သင်၏ ဗီဇာကို မချိုးဖောက်ဘဲ** သင် လုပ်နိုင်သည်မှာ၊

- အလုပ် လုံးဝရပ်လိုက်ခြင်း၊
- ကိုယ်ပိုင် အလုပ်လုပ်ခြင်း၊
- ကမကထမ မပြုပေးသော အလုပ်ရှင်ထံ အလုပ်လုပ်ခြင်းတို့ဖြစ်သည်။

### အလုပ်ခွင်တွင် သင့် အခွင့်အရေးများကို မတရားယူခံခဲ့ရပါက တရားဥပဒေအရ အရေးယူရန် သင် ဩစတြေးလျားတွင် နေနိုင်စွမ်းရှိပေမည်။

ပါဝင်သော အစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်း သို့မဟုတ် အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်းမှ အောက်ပါ ထောက်ခံချက်ကို သင်လိုအပ်လိမ့်မည်ဖြစ်သည်။

- အလုပ်ခွင်တွင် သင် အခွင့်အရေးများကို မတရားယူခံခဲ့ရကြောင်း
- သင်သည် ပြဿနာကို ဖြေရှင်းရန် ပံ့ပိုးကူညီမှုကို ရရှိနေကြောင်းတို့ဖြစ်သည်

**Workplace Justice Visa** ယာယီဗီဇာ အကြောင်းကို ပိုမိုလေ့လာသိရှိရန် ဤနေရာမှာ နှိပ်ပါ။

**migrantworkers.org.au/wjv**

SA UNIONS

SAUNIONS.ORG.AU
(08) 8279 2222

This material was developed with funding from the Australian Government.